လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** October 2023

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် နေပြည်တော်**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား (International Day for Disaster Risk Reduction -2023) ကို အောက်တိုဘာလ(၁၈)ရက်နေ့၊ နံနက်(၀၉:၃၀) နာရီအချိန်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) နေပြည်တော်၌ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မိန့်ခွန်းပြောကြားခြင်း၊ ကုလသမဂ္ဂဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးရုံး အကြီးအကဲ၏ သတင်းစကား ဗွီဒီယိုအား ပြသခြင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်း၊ မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့ စင်တင်ပြဇာတ်တို တင်ဆက်ပြသခြင်း၊ မိုခါမုန်တိုင်းတုံ့ပြန် ဆောင်ရွက်မှုဆိုင်ရာ

မှတ်တမ်းတင် ဗွီဒီယိုအားပြသခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ ၂၀၂၃ ခုနှစ်၊ IDDRR အထိမ်းအမှတ် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေတိုက်ဖျက်စို့" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို IDDRR အထိမ်းအမှတ် အခမ်းအနားနေ့တွင် ဆုချီးမြှင့်ခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်** **နေပြည်တော်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်၌ ကျင်းပရာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဘိုးဘွားများအား ဆေးဝါးပစ္စည်းနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ အခမ်းအနားသို့ တက်ရောက်လာသော အဘိုးအဘွားများအား ဆေးစစ်ဆေးမှု(Medical Check Up)ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



# ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မူလတန်းကြိုကျောင်း၊ ဘိုးဘွားရိပ်သာနှင့် မျက်မမြင်ကျောင်းတို့သို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂ ရက်** **ပြင်ဦးလွင်မြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် (၂.၁၀.၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ခရိုင်လူမှုဝန်ထမ်းရုံးနှင့် မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များကို ပြုစုပျိုးထောင်ပေးနေမှုအား ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မူကြိုအရွယ်ကလေးသူငယ်များသည် အနာဂတ်၏ အဖိုးတန်ရတနာများဖြစ်သဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးနည်းလမ်းများနှင့်အညီ စနစ်တကျပြုစုစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားကာ ဝန်ထမ်းများသည်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ စေတနာထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ချယ်ရီမြေဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံဂါရဝပြုခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ကာ ဘိုးဘွားများ၏လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။



ဆက်လက်၍ ပြင်ဦးလွင်မြို့ ပရဟိတ မျက်မမြင်

ဘက်စုံ ပညာသင်ကျောင်းသို့ သွားရောက်၍ ဆရာတော် ဦးဥေယျကို ဖူးမြော်ကန်တော့ကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းနှင့် သင်တန်းကျောင်းများသို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၃ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ (၃-၉-၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးကလေးပြုစုရေးဌာန၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာန၏ ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးကလေးပြုစုရေးဌာနရှိ ဝန်ထမ်းများ၊ ကလေးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခြင်း၊ မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းရှိ စောင့်ရှောက်ထားသော ကျောင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များ မှာကြား၍ ကျောင်းသားများ၏ သက်မွေးပညာရပ်များ သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ မန္တလေးတိုင်းဒေသကြီးရှိ ကလေးပြုစုရေးဌာန ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ၊ သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်းနှင့် နားမကြားသောကလေးများကျောင်း၊ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံများသို့ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၄ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေး ကလေးပြုစုရေးဌာန၌ ကျင်းပပြုလုပ်သော ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးကမ္ပည်းမော်ကွန်းစာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကိုဘိုးဘွား(၅၉)ဦး၊ သက်ကြီးဘာသာရပ်ဆိုင်ရာပညာရှင် ပါမောက္ခဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဌများနှင့်သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း(၉၅)ဦးဖြင့် (၁)ရက်တာ ကျင်းပခဲ့ပါသည်။








## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့်တွေ့ဆုံခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သော အဖွဲ့သည် (၅-၁၀-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာ တွေ့ဆုံစဉ်ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်တွင်းခရီးသွားလာခွင့်နှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ ဆောင်ရွက်ပေးရေး၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီလိုအပ်သူနှင့် နေရပ်စွန့်ခွာသူဆိုင်ရာ ကိန်းဂဏန်းထုတ်ပြန်ရာတွင် မြေပြင်အခြေအနေနှင့် ကိုက်ညီစေရေးအတွက် ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် မျှဝေရေး၊ ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့ ရေဘေးသင့်ပြည်သူများအား သွားရောက် ထောက်ပံ့ခြင်း

**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည့် ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်ရှိ တာဘောင်ရေကျော်နေမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှုကြောင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ရေဘေးသင့်ပြည်သူများအား

ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများအား ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဓမ္မလင်္ကာရကျောင်းတိုက် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်း၊ မွန်ဓမ္မာရုံကယ်ဆယ်ရေး စခန်းများရှိ ရေဘေးရှောင် ပြည်သူများအားတွေ့ဆုံ၍ ကယ်ဆယ်ရေး စခန်း (၃၆) ခုမှ အိမ်ထောင်စု (၃၄၆၅)စု၊ ဘေးသင့်ပြည်သူ (၁၄၃၀၄)ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ်(၃၀,၀၃၈,၄၀၀/-) နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်များအား ထောက်ပံ့ကာ ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ပါသည်။



၎င်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ရေဘေးကွပ်ကဲရေးစခန်း ဖွင့်လှစ်ထားရှိသည့် သာသနာ့ဗိမ္မာန်သို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ပဲခူးမြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံ ဖြစ်ပေါ်နေမှု၊ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့မှ စီမံဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးနေမှု၊ အဆိုပါစခန်းများတွင် စားရေရိက္ခာစီမံထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဗဟိုသိုလှောင်ရုံ (ရန်ကုန်)မှ ဖိုက်ဘာစက်လှေများ ထပ်မံဖြည့်ဆည်းပေးမည့်အခြေအနေနှင့် အရေးပေါ်အသုံးပြုရန်ရေသန့်စင်ဆေးပြားများ ထပ်မံထောက်ပံ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ပဲခူးမြို့နှင့် လှည်းကူးမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက် ထောက်ပံ့ခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ (၁၀-၁၀-၂၀၂၃) ရက်နေ့တွင် မြို့သစ်ရပ်ကွက် ပုညကာရီဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ အိမ်ထောင်စု(၂၄၅)စု၊လူဦးရေ(၁၀၉၉)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ (၂,၃၀၇,၉၀၀)ကျပ်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များအားထောက်ပံ့ပြီး ရေဘေးရှောင် ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့ဦးကင်းတံတားသို့ သွားရောက်ကာ မြို့အတွင်း ရေဝင်ရောက်မှု အခြေအနေများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပညာမွန်ပရိယတ္တိစာသင်တိုက် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု(၂၂၈)စုမှ လူဦးရေ (၁၀၁၉)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ (၂,၁၃၉,၉၀၀)ကျပ်နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များအား ထောက်ပံ့ကာ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပါသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးက ပညာ့အားမာန် ခန်းမအတွင်း ယာယီလာရောက် ခိုလှုံနေကြသော ရေဘေးရှောင်အိမ်ထောင်စု (၃၆၉)စုမှ ရေဘေးသင့် ပြည်သူ (၁၂၀၀) ဦးအတွက် စုစုပေါင်း ဆန်ရိက္ခာဖိုးငွေ

(၂,၅၂၀,၀၀၀)ကျပ် ထောက်ပံ့ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း




**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်** **ဗီယက်နမ်နိုင်ငံ၊ ဟွာလောင်းမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ (၁၂) ရက်နေ့မှ (၁၃) ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟွာလောင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management -AMMDM) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။




ဆက်လက်၍ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးများအား သီးခြားစီ ကျင်းပခဲ့ရာ အာဆီယံနှင့်ပူးပေါင်း ဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့် စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၄၃) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာလ (၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့က ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှု

လုပ်ငန်းများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု

အခြေအနေများအား ဆွေးနွေးခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားနှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနေ့ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းမှ တက်ရောက်ခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်**

**ဗီယက်နမ်နိုင်ငံ၊ ဟွာလောင်းမြို့**

ဗီယက်နမ်နိုင်ငံ၊ဟွာလောင်းမြို့တွင် (၁၃-၁၀-၂၀၂၃) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး နေ့ အခမ်းအနားနှင့် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနေ့ (ASEAN Day on Disaster Management) အခမ်းအနားများသို့ တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ ဟွာလောင်းမြို့ရှိ Bai Chay အလယ်တန်းကျောင်းသို့ သွားရောက်ပြီး အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းမှု အနှစ် (၂၀) ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံ ဒေသအတွင်း သဘာဝဘေးမကျရောက်မီ ကြိုတင် ပြင်ဆင် ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆိုင်ရာမှတ်တမ်းဗီဒီယိုနှင့် ဗီယက်နမ်နိုင်ငံ၏သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုများ ပြသမှုကို လေ့လာကြည့်ရှု အားပေးခဲ့ပြီးနောက် အာဆီယံသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အင်္ဂလိပ် စကားပြောစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့် သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ စီစဉ်ပေးမှုဖြင့် ဗီယက်နမ်နိုင်ငံ

၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းနေရာတစ်ခုဖြစ်သော ယူနက်စကို (UNESCO) ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟွာလောင်းပင်လယ်အော်သို့ သွားရောက်လေ့လာခဲ့ကြပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ခြင်း



**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား ဖွင့်လှစ်ပို့ချပေးမည့် **"ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း"** ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ Hotel Amara ၌ ကျင်းပပြုလုပ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပဋိပက္ခအတွင်းလိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာန များနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်းတွက်ချက်ခြင်းညှိနှိုင်းအစည်းအဝေးနှင့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ခြင်း




**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်** **နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်း တွက်ချက်ရေးညှိနှိုင်းအစည်းအဝေးအား ယနေ့ နံနက်ပိုင်း တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌လည်းကောင်း၊ နေ့လယ်ပိုင်းတွင် လူမှုစီးပွားရေး ဆိုင်ရာလုပ်ငန်း (Social Enterprise) သင်တန်းဆင်းပွဲအခမ်းအနားကို ပညာရေး ဝန်ကြီးဌာန၊ Naypyitaw State Academyတွင်လည်းကောင်း ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။



လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်း တွက်ချက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက“မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)” တွင် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ထည့်သွင်းဖော်ပြထားပြီး အကောင်အထည် ဖော်ဆောင်ရွက်မှုကိုလည်း အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework-NIF) ဖြင့် တိုင်းတာ နိုင်ရန် ရေးဆွဲထားရာ အစီရင်ခံစာများ ထုတ်ပြန်ပေးလျက် ရှိပါကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း၏ တိုးတက်မှုများကို တိုင်းတာရန် လူမှုကာကွယ် စောင့်ရှောက်ရေး အညွှန်းကိန်းများကို တွက်ချက်ရပါ ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ၏ အချက်အလက်များ ကို ထည့်သွင်းတွက်ချက်ရသဖြင့် မူဝါဒနှင့်ကိုက်ညီသည့် အဖွဲ့အစည်းများမှ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ် အချက်အလက်များပါ ထည့်သွင်းတွက်ချက် နိုင်ရေး ဆောင်ရွက်သွားဖို့လိုပါကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများသည် ပြည်သူလူထုအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်း များဖြစ်သကဲ့သို့

ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် အညွှန်းကိန်း တွက်ချက်သည့်အခါတွင် အသုံးစရိတ်ခေါင်းစဉ်များ မကျန်ရှိစေရေး၊ အချက်အလက်များ မှန်ကန် တိကျစေရေးတို့အတွက် ထည့်သွင်းသင့်သည့် အသုံးစရိတ်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းလက်မှတ်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ချီးမြှင့်ခဲ့ပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့် ပေးအပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းနှင့် အမျိုးသမီးကျောင်းများမှ သင်တန်းသူ(၁၅)ဦး တက်ရောက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy မှ ဆရာ၊ ဆရာမများမှ (၃) ရက်တာ သင်တန်းပို့ချခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပပြုလုပ်ခြင်း

**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်** **ရန်ကုန်တိုင်းဒေသကြီး**



၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၀.၉.၂၀၂၃)ရက်နေ့၊ နံနက်(၀၉:၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့၊ အမျိုးသမီးနှင့်ကလေးဘဝမြှင့်တင်ရေးအဖွဲ့မှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကန်တော့ခံဘိုးဘွားများနှင့် သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများစုစုပေါင်း (၃၅၀)ဦး တက်ရောက်ခဲ့ပါသည်။



ထို့နောက် ဂုဏ်ပြုခံ ဘိုးဘွားများ ကိုယ်စား သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ အဘိုး ဝါးခယ်မဦးရဲမောင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊

ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူးနှင့် တက်ရောက်လာကြသူများမှ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် အမျိုးသမီးကျောင်းများမှ ခင်းကျင်းပြသထားသည့် ပန်းချီးပြခန်း၊ လက်မှုပြခန်းများအား လိုက်လံကြည့်ရှုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဂုဏ်ပြုခံဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှု (Medical Care) ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကာ အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလအတွင်း မီးဘေးထောက်ပံ့မှုများ



(၆-၁၀-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ မင်းရပ်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၂,၆၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၉-၁၀-၂၀၂၃)ရက်နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

(၆-၁၀-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ချောင်းငယ်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၉-၁၀-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၄-၁၀-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့၊ အမှတ် (၅) ရပ်ကွက်၊ အုန်းတောပိုင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၃)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၇-၁၀-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။






(၂၁-၁၀-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၁၀) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-) နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၂၂-၁၀-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၂၁-၁၀-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေး မြို့နယ်၊ နယ်မြေ (၁၀) ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၂)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၁၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-) တို့ကို (၂၃-၁၀-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၂၁-၁၀-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ နယ်မြေ (၁၁/ခ)၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံး၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈,၄၀၀/-) တို့ကို (၂၃-၁၀-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလအတွင်း ရေဘေးထောက်ပံ့မှုများ



(၇-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေဘေးဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၁၂-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး

ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၁၀-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာအုပ်စု၊ ဆည်ပေါက်ကျေးရွာ၌ ဆည်ပေါက်ချောင်းအား လမ်းဖြတ်ကူးနေစဉ် ရေစီးနှင့်အတူ မျောပါသွားရာ လူ (၁) ဦးသေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၁-၁၀-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၌ ငမိုးရိပ်ချောင်းရေမြင့်တက်မှုနှင့် မိုးဆက်လက် ရွာသွန်းမှုကြောင့် ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ကယ်ဆယ်ရေးစခန်းသို့ ထပ်တိုးရောက်ရှိလာသည့် လူဦးရေ (၃၆၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၇,၆၀၆,၂၀၀/-) အား (၁၄-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလအတွင်း လေဘေးထောက်ပံ့မှုများ



(၁-၁၀-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာအုပ်စု၊ ခင်တန်းကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၅,၂၀၀/-) တို့ကို (၃-၁၀-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၄-၁၀-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ ဘုတာလမ်း၌ လေဘေးဖြစ်ပွားမှုကြောင့်တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေ အိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး

ထောက်ပံ့ငွေကျပ် (၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-) တို့ကို (၂-၁၀-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ



(၂-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အုန်းပင်ကွင်းကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ်(၁၅)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၁,၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀၉,၂၀၀/-) တို့ကို (၅-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၅-၁၀-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ စစ်ကုန်းအုပ်စု၊ ရေလယ်သောင်အောက်စု၊ ငါးဆယ်ကျွန်းကျေးရွာနှင့် အိပ်ပျက်အုပ်စု၊ ငှက်ပျောတောကျေးရွာတို့၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့ လူနေအိမ်(၁၉)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁,၉၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၁) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၄၉,၁၀၀/-) တို့ကို (၁၀-၁၀-၂၀၂၃) ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၆-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ဒလမြို့နယ်၊ ဆာပါချောင် ကျောင်းစုရပ်ကွက်၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ်(၁၀)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁,၀၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄၈)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၈၀၀/-) တို့ကို (၂၃-၁၀-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၀-၁၀-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ကူသပိတ်ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင် ဖျက်သိမ်းလူနေအိမ် (၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၆,၂၀၀/-) တို့ကို (၁၂-၁၀-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်** **မန္တလေးတိုင်းဒေသကြီး**



(၂၀-၁၀-၂၀၂၃)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း ဆင်းပွဲအခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်စွာက သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းအခမ်းအနားတွင် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ အရပ်ဖက်မိတ်ဖက်မှ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည့်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း(၅၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းအခမ်းအနားကို နံနက် (၁၁:၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် (၃) ဘီလီယံနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် (၃) ဘီလီယံနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို(၂-၁၀-၂၀၂၃)ရက်နေ့တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းအား ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း (အ.ထ.က-၄)၊ သီရိရတနာခန်းမတွင် (၁၆-၁၀-၂၀၂၃) ရက်နေ့မှ (၂၀-၁၀-၂၀၂၃) ရက်နေ့အထိ သင်တန်းသားဦးရေ (၇၀) ဦးဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (အ.ထ.က-၂)၊ ဦးဘလွင်ခန်းမတွင်(၂၃-၁၀-၂၀၂၃) ရက်နေ့မှ (၂၄-၁၀-၂၀၂၃)ရက်နေ့အထိ သင်တန်းသားဦးရေ(၆၄)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။